# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး

## သတ္တမနေ့အစီအစဉ်

## ၁၇-၈-၂၀၂၆ (တနင်္လာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးမြင့်လေး၊ မြင်းမူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''တိုင်းဒေသကြီး အတွင်း ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ဝန်ထမ်းနှင့် အငြိမ်းစားများ၏ အခက်အခဲများ အဆင်ပြေစေရန်အတွက် ဝန်ထမ်းမြှင့်တင်ရေးဘဏ် (သို့မဟုတ်) အသေးစား ချေးငွေဘဏ်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိ လိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ရေဦးမြို့ ပြည်သူ့ဆေးရုံကြီးရှိ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့အတွက် လျှပ်စစ်စွမ်းအင် ရရှိအသုံးပြုနိုင်ရေး Solar တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်း သည့်မေးခွန်း။

(ဂ) **ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ဟုမ္မလင်း မြို့နယ်၊ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံတွင် မျက်စိအထူးကုဆရာဝန်အား လိုအပ် နေသဖြင့် တာဝန်ပေးစေလွှတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ကျွန်းလှမြို့နယ်၊ ကျွန်းလှ-သဖန်းဆိပ်လမ်းနှင့် ဆက်သွယ်ထားသော ကျေးရွာကျောက်ချောလမ်းကြမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(င) **ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''လေရှိုးမြို့၊ အမှုထမ်းရပ်ကွက်၊ ဥရုဝေလတောင်ပေါ်တွင် မည်သည့်ဆက်သွယ်ရေး အော်ပရေတာမှ ချိတ်ဆက်ထားခြင်းမရှိသည့် IRRAWADDY GREEN TOWERS Co.,Ltd ၏ တာဝါတိုင်တွင် သင့်လျော်သည့် ဆက်သွယ်ရေးအော်ပရေတာ အမြန်ဆုံး တပ်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိ၊ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''မုံရွာမြို့တွင်း မိုးရာသီကာလတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရေနုတ်မြောင်းအသစ်များ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ အောင်ဇေယျာရပ်ကွက်၊ ပတ္တမြားလမ်း(၈၄၀)ပေ ပျက်စီးနေသောလမ်းအား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကသာမြို့၊ သက်ပန်းရပ်ကွက်၊ သက်ပန်းဘုန်းကြီးကျောင်း လမ်းခွဲမှ တောင်ပေါ် ဘုန်းကြီးကျောင်းလမ်းခွဲအထိ ပေ(၁၇၀၀)ခန့်၊ အနံ (၃)ပေ၊ အမြင့်(၄)ပေ ရေနုတ်မြောင်းတူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏ **"မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူငယ်များ၏ အနာဂတ်လုံခြုံရေးနှင့် လူမှုအသိုင်းအဝိုင်း၏ တည်ငြိမ်အေးချမ်းရေးအတွက် ထိရောက်သောအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်( ၂)

(ခ) ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(ဂ) ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(ဃ) ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(င) ဦးစိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(စ) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(ဆ) ဗိုလ်မှူးငြိမ်းချမ်းကို၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း။

၈။ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးအဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။